# ရပ်ရွာလူထု ထောက်ပံ့မှုစနစ်ဆိုင်ရာ ပြန်လည် သုံးသပ်မှု



## အစီရင်ခံစာ၊ အနှစ်ချုပ်

TRIAS Consult ဖေဖော်ဝါရီ ၂၀၂၂

မြန်မာနိုင်ငံတွင် ထိရှလွယ်လူထုများ တည်ရှိရာ ဒေသများဆီ သို့ အဓိကအရေးကြီးသည့် အထောက်အပံ့များကို ပေးနိုင်ရန် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့ အစည်းများသည် စိန်ခေါ်မှုများ သိသိသာသာ တွေ့ကြုံနေရသည်။ အာဏာသိမ်းမှုဆိုင်ရာ ပြင်းထန်သည့် ဖိနှိပ်ဆက်ဆံမှုများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများ (EAOs)၊ ပြည်သူ့ကာကွယ်ရေးတပ်များ (PDFs) နှင့် စစ်တပ်တို့ကြား မကြာခဏ တိုက်ပွဲဖြစ်ပွားမှုများ၊ နှင့် အထောက်အပံ့များ ပေးအပ်ရန် မရှိမဖြစ်လိုအပ်သည့် အခြေခံအဆောက်အအုံများ ပျက်ဆီးပြိုလဲမှု စသည်တို့ကြောင့် လက်လှမ်းမီမှုသည် ပိုမို အကန့်အသတ်များလာနေသည်။ အထူးသဖြင့် ၂၀၁၇ ခုနှစ်၌ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် ရိုဟင်ဂျာများကို ဖိနှိပ်ဆက်ဆံမှုများ နှင့် အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အတင်းနှင်ထုတ်ခံခြင်းအပါအဝင် လူသားချင်းစာနာမှုဆိုင်ရာ ပဋိပက္ခသည် ဆက်လက်ကာ ကာလရှည်ကြာလာပြီး အခြေအနေဆိုးရွားလာနေသည်။

ထိုကဲ့သို့သော ပတ်ဝန်းကျင်တွင် HARP-Facility လုပ်ငန်းလည်ပတ်မှုဆိုင်ရာ သုံးသပ်ခြင်း နှင့် သုတေသနစင်တာ (COAR) နှင့် ပူးပေါင်း၍လူသားချင်းစာနာမှုဆိုင်ရာ အခင်းအကျင်း နှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ သုံးသပ်မှုများ ပေးအပ်နိုင်ရန် ရပ်ရွာလူထု ထောက်ပံ့မှုစနစ်ဆိုင်ရာ ပြန်လည်သုံးသပ်မှု (CASS) ကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ၎င်းသည် အထူးသဖြင့် ရခိုင်ပြည်နယ်တွင် ဦးစားပေးဆောင်ရွက်ပြီး နောက်ပိုင်းတွင် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် နှင့် HARP-F ကြားဝင်ဆောင်ရွက်သည့် အခြားဒေသများသို့ ချဲ့ထွင်စေခဲ့သည်။ CASS ဝန်ဆောင်မှုများတွင် အောက်ပါတို့ ပါဝင်သည်။ ၁) သက်ဆိုင်ရာ ဖြစ်ရပ်များကို ပိုမိုနက်နဲစွာ နားလည်သဘောပေါက်စေရန် အခင်းအကျင်းဆိုင်ရာ သုံးသပ်မှုများ ထောက်ပံ့ခြင်း၊ ၂) HARP-F နှင့် နိုင်ငံခြားရေး၊ ဓနသဟာယ နှင့် ဖွံ့ဖြိုးရေးဆိုင်ရာရုံး (FCDO-ယခင်အခေါ်အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးဌာန DFID) တို့၏ ဦးစားပေးဆောင်ရွက်မှုများအပေါ် အခြေခံ၍ သီးသန့်ဖြစ်သည့်ကိုက်ညီသော သုတသေနများ ပေးအပ်ခြင်း၊ နှင့် ၃) ရခိုင်ပြည်နယ်အပါအဝင် ရှုပ်ပိုင်းဆိုင်ရာ လက်လှမ်းမီမှုမရှိသည့် ဒေသများတွင် လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်သူများအတွက် ပိုမိုကောင်းမွန်သည့် မြင်သာထင်သာရှိစေမှု စသည်တို့ ဖြစ်သည်။

ဤပြန်လည်သုံးသပ်မှုကို ယနေ့အချိန်အထိ CASS ၏ အသုံးဝင်မှု နှင့် ထိရောက်မှုများကို ဆန်းစစ်ရန် စက်တင်ဘာလ မှ ဒီဇင်ဘာလ ၂၀၂၁ ခုနှစ်အထိ ပြန်လည်သုံးသပ်မှု ပြုလုပ်ခဲ့သည်။ UK အစိုးရ၏ မဟာဗျူဟာကျ ဆုံးဖြတ်ချက်များ ချမှတ်ခြင်း နှင့် ပိုမိုကျယ်ပြန့်သည့် သံတမန်ရေးရာ ဦးစားပေးမှုများအပြင် CASS သည် မြန်မာနိုင်ငံတွင် လူသားချင်းစာနာမှုဆိုင်ရာ တတ်ကျွမ်းနားလည်မှုကို မည်သို့ တိုးမြှင့် ပေး နိုင်မည်ကို နားလည်ရန် ဤချဉ်းကပ်ပုံကို ဒီဇိုင်းဆွဲခဲ့သည်။ FCDO ၊ HARP-F နှင့် သက်ဆိုင်ရာ အကျိုးစီးပွားသက်ဆိုင်သူများအား CASS အကောင်အထည်ဖော်ခြင်း၏ အနာဂတ် အဆင့်များကို အသိပေးတင်ပြရန် အောက်ပါ တွေ့ရှိချက်များနှင့် အကြံပြု ချက်များ စုစည်းတင် ပြ ထားပါသည်။

HARP-F
Humanitarian Assistance and Resilience Programme Facility

CROWN AGENTS
ACCELERATING SELF-SUFFICIENCY & PROSPERITY

Supported by:
UKaid

This material has been funded by UK aid from the UK government; however the views expressed do not necessarily reflect the UK government's official policies.

၁

မြန်မာနိုင်ငံတွင် INGOs များအတွက် အဓိကျသည့် လူသားချင်းစာနာမှုဆိုင်ရာ သုံးသပ်မှုများ လစ်ဟာနေမှုကို CASS မှ ဖြည့်ဆီးပေးခဲ့သည်။ မြန်မာနိုင်ငံတွင် လူသားချင်းစာနာမှု၊ ပဋိပက္ခနှင့် နိုင်ငံရေးရာ စသည်တို့အတွက် သုံးသပ်မှုများ အသုံးပြုလိုသူများအတွက် လိုအပ်နေသည့် အဓိကကွာဟချက်ကို CASS မှ ဖြည့်ဆီးပေးခဲ့သည်ဟု ပျမ်းမျှအနေဖြင့် လွှမ်းခြုံစစ်တမ်းလွှာ ဖြေဆိုသူများ၏ ၆၄% မှ သဘောတူခဲ့သည်။ CASSထုတ်ကုန်/ထုတ်ဝေမှုများသည် လူသားချင်းစာနာမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ ပဋိပက္ခ အခြေအနေ စောင့်ကြည့်လေ့လာခြင်း နှင့် ပြန်လည်စီစစ်ခြင်း၊ နှင့် နိုင်ငံရေးရာ စီးပွားရေးသုံးသပ်မှု စသည့် ရည်ရွယ်ချက်များအတွက် အသုံးဝင်မှု မြင့်မားခဲ့သည့် သက်သေသာဓကများ ရှိခဲ့သည်။ CASS သည် အရည်အသွေးမြင့်မားသော သုံးသပ်မှုများကို ပေးအပ်ခဲ့ခြင်းဖြင့် ၎င်း၏ အဓိကရည်ရွယ်ချက်ကို ပြည့်မီအောင် လုပ်ဆောင်နိုင်ခဲ့ပြီး မြန်မာနိုင်ငံတွင် နိုင်ငံတကာ အဖွဲ့အစည်းများအတွက် လိုအပ်သည့် ဝန်ဆောင်မှုတစ်ခုအဖြစ် ဆက်လက်တည်ရှိနေခဲ့သည် ဟု ဖြေဆိုသူ အများစုမှ ခံစားရကြောင်း ပြောကြားခဲ့သည်။ မြန်မာ ပြည် တွင်း အဖွဲ့အစည်းများသည် ၎င်းတို့ ကြား ဝင်ဆောင်ရွက်မှုများအတွက် ဒေသတွင်းအရင်းအမြစ်များကို ပိုမိုအားကိုးသောကြောင့် CASS ၏ အသုံးဝင်မှုနှင့် ပတ်သက်၍ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် မြန်မာပြည်တွင်းအဖွဲ့ အစည်းများအကြား သဘော ထား ကွဲလွဲချက်များ သိသိသာသာ ရှိခဲ့ ကြ သည်။ ထိရောက်မှု/သက်သာမှုနှင့် ဝန်ဆောင်မှုများထပ်နေခြင်းတို့ကိုရှောင်ရှားရန် သုံးသပ်မှု ထောက်ပံ့ ပေးသူများအချင်းချင်း ပိုမိုပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန် လိုလားကြောင်း အကျိုးစီးပွားသက်ဆိုင်သူများမှ ဖော်ပြခဲ့ကြသည်။

၂

ရခိုင်ပြည်နယ်တွင် လူသားချင်းစာနာမှုဆိုင်ရာ ကြားဝင်ဆောင်ရွက်မှုများ၏ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပြောင်းလဲလုပ်ကိုင်ခြင်းတို့အပေါ် CASS ၏ အပတ်စဉ် အစီရင်ခံစာများသည် သိသိသာသာ လွှမ်းမိုးမှု ရှိခဲ့သည်။ ခြုံငုံကြည့်ပါက ဖြေဆိုသူများကို ရွေးချယ်စရာများစွာ ဖြေဆိုစေသည့်အခါ ၎င်းတို့၏ လုပ်ငန်းများအတွက် CASS သည် အသုံးဝင်ကြောင်း လွှမ်းခြုံစစ်တမ်းလွှာ ဖြေဆိုသူများ၏ ၆၅%၊ အပတ်စဉ်ထုတ်ဝေသည့် ထုတ်ကုန်များသည် အသုံးအဝင်ဆုံး ဖြစ်ကြောင်းကို ဖြေဆိုသူများ၏ ၉၀%၊ နှင့် အဓိကအချက်များကို အတိုချုပ်ဖော် ပြသည့် flash reports (၄၀%) နှင့် ကဏ္ဍခေါင်းစဥ်များဆိုင်ရာ သုတေသန (၄၄%) အသီးသီးဖြင့် ဖြေဆိုခဲ့ကြသည်။ နေရပ်ပြန်သူများအတွက် ကာကွယ်စောင့်ရှောက်ခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ နှင့် ဥပဒေရေးရာ အထောက်အပံ့ကဏ္ဍများစွာတွင် အဖွဲ့ အစည်းများ၏ ဆုံးဖြတ်ချက်ချမှတ် ခြင်းများအပေါ် CASS သည် လွှမ်းမိုးမှုရှိခဲ့သည့် ဥပမာများကိုပါ အသုံးပြုသူများမှ ညွှန်းဆိုခဲ့ပါသည်။ ထို့ပြင် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ နှင့် မြေပြင်အနေအထားအရ ပြောင်းလဲလုပ်ဆောင်မှုများ ဥပမာ နေရပ်စွန့်ခွာသူပေါင်း(IDPs)များစွာ ဝင်ရောက်လာခြင်းကို ကူညီရာတွင် သို့မဟုတ် အရပ်ဖက်လူမှုအဖွဲ့ အစည်းကွန်ရက်များမှတဆင့် ဒေသတွင်းကိုက်ညီမှုရှိအောင်ဆောင်ရွက်ခြင်း (localisation)ကို အားကောင်းစေရန် စသည်တို့ကို ပြုလုပ်နိုင်ရန် CASS အကြံပြုချက်များကို အဖွဲ့ အစည်းများမှ အသုံးပြု ခဲ့သည်။

၃

ကဏ္ဍရပ်ဆိုင်ရာ ထုတ်ကုန်များ/ထုတ်ဝေမှုများသည် စိတ်ပါဝင်စားမှု/ပူးပေါင်းပါဝင်မှု နည်းပါးခဲ့ပြီး လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ဆန်းသစ်တီထွင်မှုများကို ကူညီပေးနိုင်ခဲ့သည်။ အပတ်စဉ်ထုတ်ဝေမှုများနှင့် နှိုင်းယှဉ်ပါက ၎င်းထုတ်ဝေမှုများကို စိတ်ဝင်စားမှု နည်းပါးခဲ့သည်။ သို့ သော်လည်း ဖတ်ရှုခဲ့သူများအနေ ဖြင့် ၎င်းတို့သည် အသုံးဝင်ကြောင်း နှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ နှင့် မဟာဗျူဟာကျ အစီအစဥ်ရေးဆွဲရာတွင် လွှမ်းမိုးမှုရှိခဲ့ကြောင်း သက်သေသာဓကများကို မှတ်သားဖော်ပြခဲ့သည်။ သမရိုးကျမဟုတ်သည့် ငွေ လွှဲသည့်ကွန်ရက်များ (Hundis သို့မဟုတ် Hawalas)၊ ပရဟိတအဖွဲ့ အစည်းများ(ရပ်ရွာလူထု ကုသိုလ်ဖြစ်ဆောင်ရွက်မှုများ သို့မဟုတ် ဘာသာရေးအစုအဖွဲ့ များ)မှ တဆင့် ဒေသတွင်းကိုက်ညီမှုရှိအောင် ဆောင်ရွက်ခြင်း (localisation)၊ နှင့် ကချင်ပြည်နယ်တွင် စည်းရုံးလှုံ့ဆော်ခြင်း စသည်တို့နှင့်ပတ်သက်သည့် ကဏ္ဍရပ်ဆိုင်ရာ စာတမ်းများသည် အများဆုံးအသုံးဝင်ခဲ့သည်ဟု အသုံးပြု သူများမှ ညွှန်းဆိုဖြေကြားခဲ့သည်။ သို့သော်လည်း အသုံးပြု သူများအနေဖြင့် ကဏ္ဍရပ်ဆိုင်ရာ စာတမ်းများ၏ ခေါင်းစဥ်များကို ရွေးချယ်ရာတွင် အထက်မှ ဆုံးဖြတ်ခဲ့သည် နှင့် ကြားဖြတ်ပုံစံဖြင့် ပြု လုပ်ခဲ့ ပြီး ၎င်းသည် ပိုမိုဒီမိုကရေစီကျသည့်နည်းလမ်းဖြင့် အကျိုးရှိနိုင်ကြောင်း မှတ်ယူခဲ့ကြသည်။

HARP-F
Humanitarian Assistance and Resilience Programme Facility

CROWN AGENTS
ACCELERATING SELF-SUFFICIENCY & PROSPERITY

Supported by:
UKaid

This material has been funded by UK aid from the UK government; however the views expressed do not necessarily reflect the UK government's official policies.

## အဓိကတွေ့ရှိချက်များ

၄

အခြားသော သုံးသပ်လေ့လာမှု ပြုလုပ်သူများအနေဖြင့် သတင်းအချက်အလက်များကို ပြန်လည်စစ်ဆေး အတည် ပြုရန်အတွက် CASS သည် တန်ဖိုးရှိသည့် အသုံးပြု စရာနည်းလမ်းတစ်ခု ဖြစ်ခဲ့သည်။ ၂၀၂၁ ခုနှစ် စစ်တပ်အာဏာသိမ်းမှုမတိုင်ခင်က လူသား ချင်းစာနာမှုဆိုင်ရာ အခင်းအကျင်း သုံးသပ်လေ့လာသည့် ပလက်ဖောင်းများ နည်းပါးခဲ့သည်ဟု ဖြေဆိုသူများမှ ပြောကြားခဲ့သည်။ အာဏာသိမ်းမှုအပြီးတွင် အခင်းအကျင်း သုံးသပ်လေ့လာမှု ပမာဏ တိုးတက်လာခဲ့ ပြီး လုပ်သာကိုင်သာ ရှိသည့်အခြေအနေနည်းပါး လာမှု နှင့် အချို့သော အေဂျင်စီများကို သုတေသန နှင့် လေ့လာသုံးသပ်မှုများအတွက် ပြောင်းလဲအသုံးပြု ရန် အားပေးခဲ့သည်။ ထို ကဲ့သို သော ပတ်ဝန်းကျင်တွင် အခြားသော သတင်းအချက်အလက်များမှ ရရှိသည့် လေ့လာတွေ့ ရှိမှုများကို ပြန်လည်စစ်ဆေး အ တည် ပြု ရာတွင် အဓိကအရင်းအမြစ်တစ်ခုအဖြစ် CASS သည် အကျိုးဖြစ်စေခဲ့သည်ဟု အကျိုးစီးပွားသက်ဆိုင်သူများမှ ဖော်ပြခဲ့ သည်။ အခြားသော မြန်မာနိုင်ငံဦးစားပေး သုတေသန နှင့် လေ့လာသုံးသပ်မှုများမှ ၎င်းတို့ ထုတ်ဝေသည့် အစီရင်ခံစာအတိုများမှ စတင်ကာ နိုင်ငံတွင်း အကျိုးစီးပွားသက်ဆိုင်သူများ နှင့် နိုင်ငံတကာပဋိပက္ခ ဖိုရမ်များအထိ CASS ကို ကျမ်းကိုးအဖြစ် အများအပြား အသုံး ပြု ခဲ့သည်ဟု ပြောကြားခဲ့သည်။

၅

CASS သည် မြန်မာအဖွဲ့ အစည်းများအတွက် နှင့် မကြာသေးမီကမှ စတင်ချဲ့ ထွင်လုပ်ကိုင်ခဲ့သည့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် တို့အတွက် အရေးပါမှု နည်းပါးခဲ့သည်။ မြန်မာအဖွဲ့ အစည်းများသည် မူလကတည်းက ရှိနေသည့် သတင်းအချက်အလက်လမ်း ကြောင်းများ၊ ဘာသာစကားအခက်အခဲများ၊ နှင့် အွန်လိုင်းလော့ဂ်အင်ဝင်ရခြင်းကို မကြိုက်ခြင်း စသည်တို့ ကြောင့် CASS ကို အသုံး ပြုမှု နည်းပါးသည်။ မြန်မာ NGOs နှင့် CSOsများသည် မြေပြင်တွင် တည်ရှိနေခြင်း၊ အခြေခံကျသည့် ကွန်ရက်များ တည်ဆောက် ထားခြင်း နှင့် ဒေသတွင်းဘာသာစကားဖြင့် မကြာခဏ အသစ်ထုတ်ဝေသည့် သတင်းအရင်းအမြစ်များ နှင့် လူမှုမီဒီယာသတင်းများ စသည်တို့ကကြောင့် ၎င်းတို့ ဦးတည်လုပ်ကိုင်သည့် ဒေသများကို INGOs များထက် ပိုမိုနက်ရှိုင်းစွာ နားလည်သဘောပေါက်ကြသည် ဟု ဖြေဆိုသူများမှ ရှင်းပြခဲ့သည်။ ထို့ကြောင့် CASS အတွက် ပြည်တွင်းအဖွဲ့ အစည်းများနှင့် လေ့လာသုံးသပ်သူများအကြား ပိုမိုပူးေပါင်းဆောင်ရွက်ကြစေလိုသည့် သဘောထားရှိခဲ့ကြသည်။ ကချင်ပြည်နယ် နှင့် ရှမ်းပြည်နယ်တို့ထက် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ် တို့အပေါ် အစီရင်ခံမှုသည် အားလုံးပါဝင်မှု၊ ထူးခြားမှု နှင့် ပဋိပက္ခအကဲဆတ်မှုများသည် ပိုမိုအဆင့်မြင့်ခဲ့သည်ဟုလည်း အသုံးပြု သူများမှ လေ့လာမှတ်သားခဲ့ကြသည်။ ထိုကဲ့သို့သော ကွာဟခြားနားမှုများမှာ CASS ကို မူလကတည်းက ရခိုင် ပြည်နယ်အတွက် ပိုမို ဦးစားပေး ဆောင်ရွက်ခဲ့သောကြောင့် ဖြစ်ပြီး မကြာသေးမီကမှ ၂၀၂၁ ခုနှစ်တွင် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတို့ တိုး ချဲ့ ဆောင်ရွက်ခဲ့ခြင်းတို့ ကြောင့် ဖြစ်သည်။

၆

FCDO မှ ရန်ပုံငွေကျခံထားသည့် သုံးသပ်လေ့လာမှုဆိုင်ရာ ဝန်ဆောင်မှုများသည် ထိရောက်သည့် ပူးပေါင်းဆောင်ရွက်မှုမရှိခြင်း ကြောင့် ထိရောက်မှုနှင့် ဝန်ဆောင်မှုများထပ်နေသည့်အန္တရာယ်များအပေါ် သက်ရောက်မှု ရှိခဲ့သည်။ CASS နှင့် LIS ကဲ့သို့သော ဝန် ဆောင်မှုများတွင် သီးခြားဖြစ်သည့် ဦးတည်ချက်များ နှင့် ချဉ်းကပ်ပုံများရှိနေခဲ့ပြီး CASS ၏ မြေပြင်အနေအထား နှင့် ကဏ္ဍရပ် ဆိုင်ရာ ဦးစားပေးဆောင်ရွက်မှုတို့ကို တိုးချဲ့ လုပ်ကိုင်ခဲ့သောကြောင့် ဝန်ဆောင်မှုများထပ်နေမှု တိုးလာနေခဲ့သည် ဟု အချို့ေ သာ ဖြေဆိုသူများမှ စိုးရိမ်မှုကို ဖော်ပြခဲ့ကြသည်။ ထို့ပြင် LIS ၏ အစီရင်ခံစာများကို CASS မှ လက်လှမ်းမမီခဲ့ပေဟု ဖြေဆိုခဲ့သော ကြောင့် ဝန်ဆောင်မှုနှစ်မျိုးလုံးမှ ဝန်ထမ်းများတွင် ပူးပေါင်းဆောင်ရွက်မှု နှင့် ပလက်ဖောင်းနှစ်ခုအကြား သတင်းအချက်အလက်များ ဝေမျှခြင်း မရှိခဲ့ပေ။ HARP-F နှင့် FCDO တို့မှ ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းစေသည့် ယန္တရားများတည်ဆောက်ရန် CASS နှင့် LIS တို့မှ မှီခိုမှုကင်းစွာ အကြံပြုခဲ့ကြသော်လည်း ထိုကဲ့သို့သော အရာများအတွက် မည်သည့် လုပ်ဆောင်မှုမှ မရှိခဲ့ပေ။


This material has been funded by UK aid from the UK government; however the views expressed do not necessarily reflect the UK government's official policies.

# အကြံပြုချက်များ

FCDO မှ ၎င်း၏ လေ့လာသုံးသပ်မှု ပလက်ဖောင်းများအကြား ပူးပေါင်းဆောင်ရွက်မှု တိုးလာစေရန် ကြိုတင်လုပ်ဆောင်သင့်သည်။ FCDO အနေဖြင့် CASS ၏ အသုံးဝင်မှုများကို ထောက်ဆ၍ LIS နှင့် CASS တို့အ ကြား ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဦးစားပေးဆောင်ရွက်ရမည့်အရာများကို မြန်ဆန်စေခြင်း နှင့် ဝန်ဆောင်မှုများ အတူတကွ အရှိန်မြှင့်ဆောင်ရွက်နိုင်မည့်အရာများကို ဖော်ထုတ်သတ်မှတ်ခြင်းတို့ကို အားပေးလုပ်ဆောင်သင့်သည်။ အထူးသဖြင့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့အတွက် သတင်းအချက်အလက်များ ဝေမျှခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ရန် လိုအပ်သည်ဟု အခြားသော FCDO မှ ရန်ပုံငွေကျခံထားသည့် သုတေသနနှင့် လေ့လာသုံးသပ်မှု ထုတ်ဝေသူများဖြစ်သည့် မြန်မာ ပညာရေးအစုအဖွဲ့ (MEC)မှလည်း မီးမောင်းထိုးပြခဲ့သည်။ ဖြစ်နိုင်ချေရှိသည့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ချဉ်းကပ်မှုများတွင် မဟာဗျူဟာကျပူးပေါင်းဒီဇိုင်းရေးဆွဲသည့် အလုပ်ရုံအစည်းအဝေးများ၊ လူသားချင်းစာနာမှုဆိုင်ရာ ပူးပေါင်းဆွေးနွေးပွဲများ နှင့် ရပ်ရွာလူထုအတွင်း တွင်ကျယ်စွာ အသုံးပြုနိုင်စေရန် သုတေသနနှင့် လေ့လာသုံးသပ်မှုများအတွက် ပူးပေါင်းဆောင်ရွက်ခြင်း စသည်တို့ ပါဝင်ပါသည်။

မြေပြင်အနေအထားအရ တိုးချဲ့မှုနှင့် လုပ်ကိုင်သည့်နည်းလမ်းများ တသမတ်တည်း ဖြစ်စေခြင်းတို့အတွက် နောက်ထပ် အရင်းအမြစ်များ လိုအပ်ပါသည်။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် အဓိကကွန်ရက်များ ပိုမိုအားနည်းနေခဲ့သောကြောင့် ဦးတည်ဆောင်ရွက်သည့် မြေပြင်အနေအထားများအကြား လေ့လာသုံးသပ်မှုများ၏ အရည်အသွေးနှင့် ပြီးပြည့်စုံမှုတို့တွင် ကွာဟခြားနားမှုများရှိနေသည်ကို CASS ဝန်ထမ်းများနှင့် အသုံးပြုသူများမှ မှတ်သားခဲ့ကြသည်။ ကနဦးပိုင်းတွင် လိုအပ်သလို ချဲ့ထွင်ခဲ့ရပြီး ရခိုင် ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် အသုံးပြုခဲ့သည့် နည်းလမ်းများနှင့် ရရှိခဲ့သည့် အရည်အသွေမျိုးကို ကချင်ပြည် နယ်နှင့် ရှမ်းပြည်နယ်တို့၏ မြေပြင်တွင် ကွန်ရက်များတိုးချဲ့တည်ဆောက်နိုင်ရန် နောက်ထပ် အရင်းအမြစ်များလိုအပ်သည်ဟု CASS မှ မှတ်သားဖော် ပြခဲ့သည်။ ထိုသို့သော ချဲ့ထွင်လုပ်ကိုင်မှုသည် ဤဒေသများရှိ သုတေသနပြုလုပ်ကြသူများနှင့် ထပ်မနေရန်နှင့် အဆိုပါ ကွန်ရက်များကို ဝန်ပိစေခြင်း နှင့် ဖြေဆိုသူများမှ ပါဝင်လိုစိတ်မရှိတော့သည့်အခြေအနေများကို မဖြစ်စေရန် သတိထားရမည် ဖြစ်သည်။ FCDO မှ ၎င်း၏ လေ့လာသုံးသပ်မှု ထုတ်ဝေသူများနှင့် ပူးပေါင်းဆောင်ရွက်ကာ လေ့လာသုံးသပ်မှုအမျိုးအစားစုံလင်စေမှုနှင့် ထပ်နေမှုများကို တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ချက်ရှိရှိ လုပ်ကိုင်နိုင်သည်။

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် လူနည်းစုနှင့် အပယ်ခံရသည့် အုပ်စုများအပေါ် ဦးစား ပေးဆောင်ရွက်သည့် ဂျန်ဒါအကဲဆတ်မှု နှင့် အားလုံးပါဝင်မှု တို့ အားကောင်းစေရန် CASS မှ လုပ်ဆောင်သင့်သည်။ အသုံးပြုသူများအနေဖြင့် အခြားသော ဦးတည်ဆောင်ရွက်သည့်ဒေသများထက် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် CASS သည် အမျိုးသမီးများ၊ မိန်းကလေး များနှင့် လူနည်းစုများအပေါ် သက်ရောက်သည့် ကိစ္စရပ်များကို ပါဝင်အောင် ထည့်သွင်းနိုင်သည်ဟု တွေ့ရှိခဲ့ကြသည်။ အိမ်တွင်းအကြမ်းဖက်မှု၊ လူကုန်ကူးမှုနှင့် ကလေးသူငယ်စောင့်ရှောက်ခြင်း စသည့် အကြောင်းအရာများကို ပိုမိုဦးစားပေးကာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင်လည်း အားလုံးပါဝင်နိုင်မှုတိုး မြှင့်စေလိုသည်ဟု ၎င်းတို့မှ ဖော်ပြခဲ့ကြသည်။ ထို့ပြင် ဤဒေသများတွင် လူသားချင်းစာနာမှုဆိုင်ရာ အစီရင်ခံခြင်းများနှင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုများတွင် ချန်ခဲ့လေ့ရှိသော လူများစုဖြစ်သည့် ခရစ်ယာန်ဘာသာဝင် လူထုများ ပြင်ပရှိ ပဋိပက္ခဒဏ်ခံရသည့်အုပ်စုများကို ပိုမိုဦးစားပေးဆောင်ရွက်ရန် အသုံးပြုသူများအနေဖြင့် တောင်းဆိုခဲ့ကြသည်။ ချန်လှပ်ခဲ့နိုင်သည့် နှင့်/သို့မဟုတ် အပယ်ခံ သတင်းအချက်အလက်ကွန်ရက်များကို အနာဂတ်ဆန်းစစ်မှုများတွင် ဦးစားပေးလုပ်ကိုင်ရန် ပူးပေါင်းလေ့လာခြင်းကို အသစ်တဖန်ပြန်လည်ပြုလုပ်ရန် FCDO မှ ၎င်း၏ လေ့လာသုံးသပ်သူများကို တိုက်တွန်းနိုင်သည်။

လူသားချင်းစာနာမှုဆိုင်ရာ လုပ်ကိုင်ဆောင်ရွက်ကြသူများအကြား ကဏ္ဍရပ်ဆိုင်ရာ သုတေသန အစီအစဥ်သည် ဒီမိုကရေစီဆန်သင့်သည်။ လူသားချင်းစာနာမှုဆိုင်ရာလိုအပ်ချက်များအပေါ် မူတည်၍ CASS ၏ သုတေသန ဦးစားပေးခေါင်းစဥ်များ သတ်မှတ်ဖော်ထုတ်ရာတွင် ပါဝင်လိုသည်ဟု အကျိုးစီးပွားသက်ဆိုင်သူများမှ ဖော်ထုတ်ပြောကြားခဲ့သည်။ CASS ၏ ကဏ္ဍရပ်ဆိုင်ရာ သုတေသနစာတမ်းများသည် အချိန်ကိုက်ဖြစ်ပြီး အရေးကြီးသည်ဟု စာဖတ်သူအများစုမှပြောကြားခဲ့သော်လည်း ခေါင်းစဥ်များရွေးချယ်သတ်မှတ်ခြင်းကိုမူ မသေချာမှုများ ရှိနေသည်ဟု တွေ့ရှိခဲ့ကြသည်။ ကဏ္ဍရပ်ဆိုင်ရာ သုတေသနစာတမ်းများသည် FCDO နှင့် UK အစိုးရ၏ မူဝါဒအဆင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း နှင့် စည်းရုံးလှုံ့ဆော်ခြင်းဆိုင်ရာ ဦးစားပေးများအပေါ် မူတည်ကာ ဆုံးဖြတ်ကြသည်ဟု အချို့သော စာဖတ်သူများမှ မှတ်ယူခဲ့ကြသည်။ CASS ၏ သုတေသန အစီအစဥ်နှင့်ပတ်သက်၍ တည်ရှိနေဆဲ ကွာဟချက်များကို သတ်မှတ်ဖော်ထုတ်ပြီး မြေပြင်တွင်အသုံးပြုသူများအတွက် အသုံးဝင်စေရန် ပိုမိုစနစ်ကျသည့် ဆွေးနွေးတိုင်ပင်မှုများ လိုအပ်ကကြောင်း လူသားချင်းစာနာမှုဆိုင်ရာ အကျိုးစီးပွားသက်ဆိုင်သူများမှ ဖော်ပြခဲ့ကြသည်။ ထိုဆွေးနွေးတိုင်ပင်မှုများသည် စိတ်ပါဝင်စားမှုများကို ဦးစားပေးသတ်မှတ်နိုင်စေရန် ဘက်များစွာပါဝင်သင့်ပြီး INGO ဖိုရမ်၊ လူသားချင်းစာနာမှုဆိုင်ရာအဖွဲ့များ မနက်စာစုစားခြင်း၊ နှင့် အခြားသော FCDO မြန်မာမိတ်ဖက်အဖွဲ့အစည်းများ၏ အစည်းအဝေးများ စသည့် အစီအစဥ်များနည်းတူ ဖော်ဆောင်နိုင်သည်။

HARP-F
Humanitarian Assistance and Resilience Programme Facility

CROWN AGENTS
ACCELERATING SELF-SUFFICIENCY & PROSPERITY

Supported by:
UKaid

This material has been funded by UK aid from the UK government; however the views expressed do not necessarily reflect the UK government's official policies.

မြန်မာနိုင်ငံ မိတ်ဖက်အဖွဲ့အစည်းများ နှင့် ပိုမိုကျယ်ပြန့်သော အရပ်ဖက်လူမှုအဖွဲ့အစည်းများအတွက် CASS ၏ အသုံးဝင်မှုကို FCDO မှ ပြန်လည်သုံးသပ်သင့်သည်။ မြန်မာ အကျိုးစီးပွားသက်ဆိုင်သူများအနေဖြင့် အထက်တွင်ဖော်ပြခဲ့သည့် အဟန့်အတားများကြောင့် CASS အသုံးပြုမှု နည်းပါးနေမှုကို ထောက်ဆ၍ ဒေသတွင်းကိုက်ညီမှုရှိအောင်ဆောင်ရွက်ခြင်း မဟာဗျူဟာနှင့် CASS သည် မည်သို့ကိုက်ညီမှုရှိ ကြောင်း FCDO မှ ပြန်လည်ဆန်းစစ်သင့်သည်။ CASS ကို ဤအဖွဲ့အစည်းများအတွက် အရင်းအမြစ်တစ်ခုဖြစ်စေရန် ရည်ရွယ်ပါက ၎င်း၏ ထုတ်ဝေမှုများကို ဒေသတွင်း ဘာသာစကားဖြင့် ဘာသာပြန်ဆိုရမည် ဖြစ်ပြီး ယဥ်ကျေးမှုအရ ပိုမိုလက်လှမ်းမီနိုင်သည့်ပုံစံဖြင့် ဖြန့်ဝေရမည်။ FCDO အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့် ပေးနိုင်သော ၎င်း၏ မိတ်ဖက်အဖွဲ့အစည်းများကို CASS မှ နှုတ်ဖြင့် တင် ပြမှုများပြုလုပ်ရန် FCDO မှ စဥ်းစားသင့်ပါသည်။ ထို့ပြင် ပြည်တွင်းမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု ရရှိစေရန် နှင့် ရှုထောင့်မျိုးစုံကို လေ့လာသုံးသပ်မှုများ ပြုလုပ်ရန် CASS မှ စတင်ကာ ဆောင်ရွက်သင့်သည်။

လေ့လာသုံးသပ်မှုပလက်ဖောင်းများအကြား အကျိုးရှိမှုအမြင့်ဆုံးဖြစ်စေရန် လူသားချင်းစာနာမှုဆိုင်ရာ အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ပိုမိုပူးပေါင်းဆောင်ရွက်သင့်သည်။ မြန်မာနိုင်ငံတွင် CASS ၊ CAR ၊ LIS ၊ နှင့် RAFT (LIFT) စသည့် ဝန်ဆောင်မှုများအပါအဝင် လူသားချင်းစာနာမှုဆိုင်ရာ လေ့လာသုံးသပ်မှုများတွင် တသမတ်တည်းဖြစ်စေရန် နှင့် ထည့်သွင်းဆောင်ရွက်နိုင်စေရန် အလားအလာရှိပါသည်။ EU ၊ UK ၊ နှင့် US အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှု နှင့် သတင်းအချက်အလက်များဝေမျှခြင်း တိုးတက်ကောင်းမွန်သွားပါက စီးပွားရေးအရတွက်ချေကိုက် စေသည့် နည်းလမ်းများကို အကြီးတန်းမန်နေဂျာများမှ သတ်မှတ်ဖော်ထုတ်ခဲ့သည်။ ထိုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုသည် အလှူရှင်အဖွဲ့အစည်းများမှ မောင်းနှင်တွန်းအားပေးရမည် ဖြစ်ပြီး ကဏ္ဍအတွင်း လေ့လာတတ်ကျွမ်းမှု များစွာတိုးမြှင့်လာစေနိုင်ပါသည်။ လက်ရှိ CASS ပလက်ဖောင်းသည် တတိယအဖွဲ့အစည်းမှ စောင့်ကြည့်လေ့လာခြင်း (TMP)အတွက် သင့်တော်မည်လောဟု FCDO မှ စိတ်ဝင်စားမှုပြ ခဲ့သည်။ ဤအချက်သည်လေ့လာမှု၏ အဓိကဦးစားပေးအဖြစ် ရှင်းလင်းမနေခဲ့သော်လည်း ထိုကဲ့သို့သော CASS ၏ အဓိကဦးတည်ချက်များကို ပြန်လည်စဥ်းစားခြင်းသည် မဟာဗျူဟာကျမှု နှင့် အရင်းအမြစ်များ တိုးချဲ့မှုတို့ လိုအပ်နိုင်ပါသည်။ တိုက်ရိုက်မဟုတ်သော ရလာဒ်အဆင့် စောင့်ကြည့်လေ့လာမှုအတွက် အလားအလာရှိသော်လည်း ချဥ်းကပ်ပုံနည်းဗျူဟာပြောင်းလဲမှုများ၏ အရှုံးအမြတ်များနှင့် ဆက်လက်လုပ်ကိုင်နေသည့် အခင်းအကျင်းဆိုင်ရာလေ့လာသုံးသပ်မှု၏ အရည်အသွေးကို မည်ကဲ့သို့ သက်ရောက်မှုရှိနိုင်ကြောင်း FCDO အနေဖြင့်သေချာစဥ်းစားသင့်သည်။



Photo©HARP-F Partner

*DesignTemplate© Molly Webster*
*Cover Photo© Unsplash/Ye Zaw*

HARP-F
Humanitarian Assistance and Resilience Programme Facility

CROWN AGENTS
ACCELERATING SELF-SUFFICIENCY & PROSPERITY

Supported by:
UKaid

This material has been funded by UK aid from the UK government; however the views expressed do not necessarily reflect the UK government's official policies.